Message Two

## နောနှင့်အတူ အသက်၏လမ်းကြောင်း -
## ခေတ်ကိုပြောင်းလဲသော အသက်တာနှင့်အလုပ်

ဖတ်ရန်ကျမ်း။ ။ က၊၆း၅-၁၄။ ဟေဗြဲ၊၁၁း၇

**I. နောသည် ဘုရားသခင်၌ ယုံကြည်ခဲ့သည်၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေသည်၊ ဘုရားသခင်ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။**

A. စာတန်သည် လူကို အဆုံးစွန်အထိ ယိုယွင်းပျက်စီးစေပြီး၊ ဘုရားသခင်သည် ကိုယ်တော်၏အကြံအစည်တော်အတွက် ဖန်ဆင်းခဲ့သည့် လူကို ဖျက်ဆီးရန် ဆုံးဖြတ်တော်မူရလေသည်။

B. သို့ဖြစ်၍ ဘုရားသခင်သည် ရှုံးနိမ့်ရသကဲ့သို့ ထင်ရလေသည်၊ *သို့သော် နောသည်* ဟူသောအချက်က ဘုရားသခင်အား လူနှင့်အတူ ကိုယ်တော်၏နဂိုမူလ အကြံအစည်တော်ကို ဆက်လက် သယ်ဆောင်စေခြင်းငှာ လမ်းဖွင့်ပေးသည့် အုပ်စိုးနေသော အကြောင်းရင်းကို ညွှန်ပြနေသည်။

C. နော၏အသက်တာနှင့် အလုပ်မှတစ်ဆင့် ဘုရားသခင်သည် ကိုယ်တော်၏ရန်သူအပေါ် အောင်နိုင်ခဲ့၍၊ ခေတ်ကို ပြောင်းလဲစေတော်မူခဲ့သည်။

**II. နော၏အသက်တာသည် ခေတ်ကို ပြောင်းလဲစေသော အသက်တာဖြစ်သည် - ညွှန်း၊ ဖိ၊၁း၁၉-၂၁က။**

A. ခေတ်ကို ပြောင်းလဲစေသော အသက်တာသည် ဘိုးဘေးတို့၏ ဘုရားဝတ်မွေ့လျော်သော နည်းလမ်းများကို အမွေခံရသည့် အသက်တာဖြစ်သည်။

1. နောသည် အာဒံ၏ ကယ်တင်ခြင်းနည်းလမ်းကို အမွေခံရ၍၊ မိန်းမ၏မျိုးစေ့အဖြစ် ခရစ်တော်၏ ကတိတော်နှင့် ဘုရားသခင်ကို ကျေနပ်အားရစေသော ဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်၏ဖုံးအုပ်ခြင်းတို့ကို ရရှိခဲ့သည် - က၊၃း၁၅၊ ၂၀-၂၁။ ညွှန်း၊ ဟေရှာ၊၁၂း၂။

2. နောသည် အာဗေလ၏ ယဇ်ပူဇော်ခြင်း နည်းလမ်းကို အမွေခံရပြီး၊ ယင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ယဇ်အဖြစ်သာမက၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေဖို့ လက်ဆောင်အဖြစ် ခရစ်တော်ကို ဘုရားသခင်ထံသို့ ပူဇော်ခြင်းပင်ဖြစ်သည် - က၊၄း၄။

3. နောသည် ဧနုတ်၏ ယေဟောဝါ၏နာမတော်ကို ခေါ်၍ ကိုယ်တော် ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်းနည်းလမ်းကို အမွေခံခဲ့သည် - အငယ်၊၂၆။ ယေ၊၃၃း၃။ ရော၊၁၀း၁၂။ ၂တိ၊၂း၂၂။

4. နောသည် ဧနောက်၏ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းနည်းလမ်းကို အမွေခံရပြီး၊ ယင်းသည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ် ယူဆောင်၍၊ အရာခပ်သိမ်းကို ဘုရားသခင်အတိုင်း၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်းပင် ဖြစ်သည် - က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။ ၂ကော၊၅း၄၊ ၉၊ ၁၄-၁၆။ ၆း၁။

B. ဘုရားသခင်က နောအား သူအသက်ရှင်နေထိုင်သည့် ဖောက်ပြန်ယိုယွင်းနေသောခေတ်၏ အခြေအနေမှန်ကို ပြသပေးခဲ့သည် - က၊၆း၃၊ ၅၊ ၁၁၊ ၁၃။ မ၊၂၄း၃၇-၃၉။ ၂တိ၊၃း၁-၅။

C. “*သို့သော် နောသည်* ယေဟောဝါရှေ့တော်၌ မျက်နှာရ (ကျေးဇူးတော်တွေ့ရှိ) လေ၏” - က၊၆း၈။

1. စာတန်သည် အခြေအနေကို ယိုယွင်းပျက်စီးစေရန် သူအတတ်နိုင်ဆုံး လုပ်ဆောင်ပြီးသည့်အခါ၊ ခေတ်ကို ပြောင်းလဲစေသော သူများဖြစ်လာခြင်းငှာ ဘုရားသခင်၏အမြင်၌ ကျေးဇူးတော်ကို တွေ့ရှိကြသည့်သူအချို့ အမြဲပင် ရှိလေသည် - ညွှန်း၊ ဒံ၊၁း၈။ ၉း၂၃။ ၁၀း၁၁၊ ၁၉။

2. ကမ္ဘာဦးကျမ်း၏မှတ်တမ်းရှိ အဓိကရည်ရွယ်ချက်မှာ ကျဆင်းခြင်းကို ပြသရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်က ကျဆင်းသောလူတို့အတွက် မည်မျှ လုပ်ဆောင်ပေးနိုင်ကြောင်း ပြသပေးခြင်းဖြစ်သည်။

a. ကျေးဇူးတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၊ ဘုရားသခင်၏မျက်မှောက်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ရန်၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းလုပ်ဆောင်ရန် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရခြင်းပင် ဖြစ်သည် - ယော၊၁း၁၄၊ ၁၆-၁၇။ ဗျာ၊၂၂း၂၁။

b. သခင်ဘုရားကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ရခြင်းမှာ ကိုယ်တော်ကို ချစ်သောသူတို့နှင့်အတူ ဖြစ်သည် - ဧ၊၆း၂၄။ ယော၊၂၁း၁၅-၁၇။

c. သုံးပါးတစ်ပါးဘုရား၏ ပေါ်များကြွယ်သော မစမှုအဖြစ် သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏လူသားဝိညာဉ်ကို လေ့ကျင့်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရခြင်း ဖြစ်သည် - ဟေဗြဲ၁၀း၂၉ခ။ ဂလ၆း၁၈။ ဖိ၄း၂၃။ ဖိလေ၊၂၅။ ၂တိ၊၄း၂၂။

d. ဘုရားသခင်၏စကားတော်သည် ကျေးဇူးတော်၏စကားဖြစ်သည် - တ၊၂၀း၃၂။ ကော၊၃း၁၆။ ညွှန်း၊ ယေ၊၁၅း၁၆။

e. ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားကို တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုနေရာပေါ်မှာ သန့်ရှင်းသူများနှင့်အတူ စည်းဝေးခြင်း၌ အသက်၏ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားကြသည် - ဆာ၊၁၃၃း၃။ ၁ပေ၊၃း၇။ တ၊၄း၃၃။ ၁၁း၂၃။

f. ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများနှင့် ဘေးဒုက္ခများအလယ်မှာ ကျွန်ုပ်တို့၏ တိုးပွားလာသော၊ အရာအားလုံး လုံလောက်ပြည့်စုံသော ကျေးဇူးတော်အဖြစ် သခင်ဘုရားကို တွေ့ကြုံခံစားနိုင်ကြသည် - ၂ကော၊၁၂း၉။

g. ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်တန်ခိုးတော်၌ သခင်ဘုရားအတွက် အားထုတ်လုပ်ဆောင်ရန် လိုအပ်သည် - ၁ကော၊၁၅း၁၀၊၅၈။ ၃း၁၂။

h. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ဘဏ္ဍာစိုးကောင်းများဖြစ်ရန် လိုအပ်သည် - ၁ပေ၊၄း၁၀။ ဧ၊၃း၂။ ၂ကော၊၁း၁၅။ ဧ၊၄း၂၉။

i. ကျေးဇူးတော်၏တန်ခိုး၊ ကျေးဇူးတော်၏ခွန်အားနှင့် ကျေးဇူးတော်၏အသက်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း မှန်ကန်နိုင်ကြသည်။ ကျေးဇူးတော်သည် ဖြောင့်မတ်ခြင်းကို ထွက်ပေါ်စေသည် - ဟေဗြဲ၁၁း၇။ ရော၊၅း၁၇၊ ၂၁။

## III. နောဧ၏အလုပ်သည် ခေတ်ကို ပြောင်းလဲစေသော အလုပ်ဖြစ်သည် - ၁ကော၊၃း၉။ ၂ကော၊၆း၁။ မ၊၁၆း၁၈။ ၁ကော၊၃း၁၂။

A. ဘုရားသခင်သည် နောဧအား အရာအားလုံးပါဝင်သော ဖွင့်ပြခြင်း၊ ထပ်တိုး၍ ဖွင့်ပြခြင်း၊ သင်္ဘောတည်ဆောက်ရန် ဖွင့်ပြခြင်းကို ပေးခဲ့သည်၊ ယင်းမှာ ဘုရားသခင်သည် ယိုယွင်းဖောက်ပြန်နေသော မျိုးဆက်ကို အဆုံးသတ်၍ အသစ်သော ခေတ်ကို ယူဆောင်လာရန် နည်းလမ်းပင်ဖြစ်သည်။

1. သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် (၁ပေ၊၃း၂၀-၂၁) - တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကိုသာမ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ဖြစ်သည့် စုပေါင်းထားသော ခရစ်တော်နှင့် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် လူသစ်ကိုလည်း ပုံဆောင်သည် (မ၊၁၆း၁၈။ ၁ကော၊၁၂း၁၂။ ဧ၊၂း၁၅-၁၆။ ကော၊၃း၁၀-၁၁။ ဗျာ၊၂၁း၂)။

2. သင်္ဘောကို တည်ဆောက်ခြင်းမှာ စုပေါင်းထားသော ခရစ်တော်ကို တည်ဆောက်ခြင်းအား ပုံဆောင်ပြီး၊ တည်ဆောက်ခြင်းတန်ဆာပလာအဖြစ် ခရစ်တော်၏ကြွယ်ဝခြင်းများ ဒြပ်သဘာဝဖြင့်၊ ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်သောသူများအားဖြင့် တည်ဆောက်ခြင်းဖြစ်သည် - ၁ကော၊၃း၉-၁၂က။ ဧ၊၄း၁၂။ ၂း၂၂။

3. ဤတည်ဆောက်ခြင်းသည် ခရစ်တော်က လူများအထဲသို့ လုပ်ဆောင်ခြင်းဖြင့် သူတို့ကို ခရစ်တော်အားဖြင့် အတူတကွ တည်ဆောက်ပေးခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် သူတို့သည် အသွေးအသား၌ ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် - ၁တိ၊၃း၁၅-၁၆။

a. ကျွန်ုပ်တို့၏အလုပ်၌ အရေးကြီးသည့် အကြောင်းအရာမှာ တည်ဆောက်ပေးသော၊ တည်ဆောက်ခံသော ဘုရားသခင်ကို အခြားသူများအထဲသို့ အမှုဆောင်ပေးခြင်းဖြစ်သည်၊ သို့မှသာ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို သူတို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်နိုင်မည်ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၃း၁၇က။ ၁ကော၊၁၄း၄ခ။

b. ကျွန်ုပ်တို့သည် အရာတစ်ခုကို လက်တွေ့ကျင့်သုံးရမည် - အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားကို အခြားသူများအထဲသို့ အမှုဆောင်ပေး၍၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့၏ အတွင်းလူအထဲသို့ မိမိကိုယ်တော်တိုင် တည်ဆောက်နိုင်ရန် ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဤနည်းလမ်း၌ လုပ်ဆောင်ရန် သွန်သင်ပေးပါမည့်အကြောင်း ဆုတောင်းရန် လိုအပ်သည် - ၂ကော၊၁၃း၁၄။ ၁ကော၊၃း၉က၊ ၁၀၊ ၁၂။ ရော၊၁၁း၃၆။

B. အသင်းတော်ကို တည်ဆောက်ခြင်းနှင့် အသင်းတော်အသက်တာအထဲသို့ ဝင်ရောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘေးဒဏ်ကြီးကာလမှတစ်ဆင့် ယနေ့၏ ဆိုးညစ်သော မျိုးဆက်ကို ဘုရားသခင်တရားစီရင်ခြင်းမှ ကယ်တင်ခံရကြမည်ဖြစ်ပြီး၊ ထိုမျိုးဆက်မှ ခွဲခြားခံရ၍၊ အသစ်သောခေတ်၊ မိလေနိခေတ်ကာလအထဲသို့ ကြိုဆိုနေရာချခြင်း ခံရကြလိမ့်မည်ဖြစ်သည် - ဟေဗြဲ၁၁း၇။ မ၊၂၄း၃၇-၃၉။ လု၊၁၇း၂၆-၂၇။

© 2026 Living Stream Ministry